MISY | Mandalay
Myanmar International School Yangon (Mandalay Campus)

# Myanmar International School Yangon (MANDALAY CAMPUS)

# အနိုင်ကျင့်မှုကာကွယ်ရေးမူဝါဒ

| | | |
|---|---|---|
| **Approved by:** | Nu Nu Aye (BOD) | **Date:** 29th December 2022 |
| **Last reviewed on:** | July 2024 | |
| **Next review due by:** | July 2027 | |

WIDA INTERNATIONAL SCHOOL CONSORTIUM MEMBER SCHOOL

CAMBRIDGE International Education
Cambridge International School

## ရည်ရွယ်ချက်နှင့် နယ်ပယ်

ဤမူဝါဒသည် MISY ၏ အနိုင်ကျင့်မှုကို ကာကွယ်ရေးနှင့် ကိုင်တွယ်ဖြေရှင်းရေး အတွက် လုပ်ဆောင်မည့်အရာများကို ဖော်ပြထားပါသည်။ လူကြီးများ သို့မဟုတ် လူကြီးများနှင့် ကလေး၊ ကလေးများအကြား အနိုင်ကျင့်ခြင်းကို မည်သည့်အခြေအနေတွင်မဆို သည်းခံမည်မဟုတ်သည့်၊ အနိုင်ကျင့်မှုကို ဆန့်ကျင်သည့် ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်ရန် ကတိပြုပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများသည် ပျော်ရွှင်ပြီး စောင့်ရှောက်မှု အပြည့်အဝရှိသော သင်ကြားမှုပတ်ဝန်းကျင်ကို ဖန်တီးရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများသည် MISY ကျောင်းအဖွဲ့အစည်းတွင် ပါဝင်သူအားလုံးအတွက် သက်ရောက်မှု ရှိပါသည်။

## အနိုင်ကျင့်ခြင်း၏ အပွါယ်ဖွင့်ဆိုချက်

အနိုင်ကျင့်ခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် လူအုပ်စုတစ်စု၏ အပြုအမူဖြစ်ပြီး ယေဘုယျအားဖြင့် အချိန်ကြာမြင့်စွာ ထပ်ခါတလဲလဲ ပြုလုပ်ခြင်းဖြစ်ပြီး၊ အခြားသူတစ်ဦးကို ရုပ်ပိုင်းအရဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ အရဖြစ်စေ ရည်ရွယ်ချက်ရှိရှိ ဒဏ်ရာရ နာကျင်စေသည့် အပြုအမူဖြစ်ပါသည်။

အနိုင်ကျင့်ခြင်းသည် အနိုင်ကျင့်ခံရသူ ၏ လူမျိုး၊ နိုင်ငံသား၊ အသားအရောင်၊ ကျား/မ၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှု သို့မဟုတ် မသန်စွမ်းမှုပုံစံ အမျိုးမျိုးမှ လည်းပေါ်ပေါက်လာတတ်ပြီး ထိုမှ တစ်ဆင့် လူအများစု ကို သက်ရောက် ထိခိုက်စေပါသည်။

အနိုင်ကျင့်ခြင်းတွင် အမည်တပ်ခြင်း၊ကဲ့ရဲ့စော်ကားခြင်း၊ လှောင်ပြောင်ခြင်း၊ ပုတ်ခပ်ပြောဆိုခြင်း၊ ကန်ခြင်း၊ ရိုက်ခြင်း၊ ပစ္စည်းများကို သိမ်းယူခြင်း၊ စော်ကားသော ဂရပ်ဖီတီပုံများ ရေး/ထုတ်ခြင်း၊ အတင်းအဖျင်းပြောခြင်း၊ လူများကို အဖွဲ့အတွင်းမှ ချန်လှပ်ဖယ်ကျဉ်ခြင်း၊ နစ်နာစေသော မမှန်ကန်သော ကောလဟာလများဖြန့်ခြင်း တို့ပါဝင်နိုင်ပါသည်။ ၎င်းတွင် ဒစ်ဂျစ်တယ် စက်ပစ္စည်းများ (ဆိုင်ဘာ အကြမ်းဖက်မှု)မှ တစ်ဆင့် ဖော်ပြသည့် မသင့်လျော်သော အပြုအမူများနှင့် အန္တရာယ်ရှိသည့် အပြုအမူများလည်း ပါဝင်ပါသည်။ ဥပမာ - ဖုန်း၊စာ၊ အမြန်မက်ဆေ့၊ အီးမေးလ်၊ ဝက်ဘ်စိုက်များ၊ လူမှုမီဒီယာ ဆိုဒ်များနှင့် အက်ပ်များမှ တစ်ဆင့် မသင့်လျော်သည်များ ဆင့်ပို့ခြင်း၊ စော်ကားသည့် သို့မဟုတ် အရှက်ရစေသည့် ပုံများကို မိုဘိုင်းဖုန်း နှင့် အင်တာနက်များမှ တစ်ဆင့် ပေးပို့ခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

အနိုင်ကျင့်ခြင်းကို လူတိုင်းကြုံရနိုင်ပါသည်။ ဤမူဝါဒသည် အောက်ပါ အနိုင်ကျင့်မှုမျိုးစုံ အတွက် အကျုံးဝင်ပါသည် (သို့သော် အောက်ဖော်ပြပါအရာများအပြင် အခြားအရာများပါဝင်နိုင်သည်) -

- လူမျိုး၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုနှင့်ဆက်စပ်၍ အနိုင်ကျင့်ခြင်း

- အထူးပညာရေးလိုအပ်ချက်များ သို့မဟုတ် မသန်စွမ်းမှုနှင့် ဆက်စပ်၍ အနိုင်ကျင့်ခြင်း
- ရုပ်ဆင်းသဏ္ဍာန် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများနှင့် ဆက်စပ်၍ အနိုင်ကျင့်ခြင်း
- လိင်စိတ်တိမ်းညွတ်မှုနှင့်ဆက်စပ်၍ အနိုင်ကျင့်ခြင်း (ဥပမာ လိင်တူနှစ်သက်မှုအား အနိုင်ကျင့်ခြင်း)။
- အိမ်တွင်းအခြေနေများနှင့် ဆက်စပ်၍ အနိုင်ကျင့်ခြင်း
- ကျား/မခြားနားချက်အပေါ် အခြေခံသော အနိုင်ကျင့်ခြင်း နှင့်လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခြင်း
- နည်းပညာမှတစ်ဆင့် အနိုင်ကျင့်ခြင်း - "ဆိုက်ဘာ-အနိုင်ကျင့်ခြင်း"

## အနိုင်ကျင့်မှုကို တားဆီးခြင်း၊ ဖော်ထုတ်ခြင်းနှင့် တုံ့ပြန်ခြင်း။

MISY သည် -

- တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ထောက်ထားမှုနှင့် ဂရုစိုက်မှုတို့ကို မြှင့်တင်ပေးပြီး အားလုံးပါဝင်နိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပံ့ပိုးကူညီပါသည်။
- အနိုင်ကျင့်မှုကို ဖော်ထုတ်ရန် ဝန်ထမ်းများနှင့် လက်တွဲ ဆောင်ရွက်ပါမည်။
- ကျောင်းသား ကျောင်းသူများ၏ လူမှုဆက်ဆံရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်ရေး အပါအဝင် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များ ကို ဖွံ့ဖြိုးတိုးတက်စေရန် စနစ်ကျသော အခွင့်အလမ်း များကို တက်ကြွစွာ ပံ့ပိုးပေးပါမည်။
- ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် မိဘများ/အုပ်ထိန်းသူများအတွက် ပံ့ပိုးကူညီမှုနှင့် စိုးရိမ်မှုများကို သတင်းပို့ရန် နည်းလမ်းအမျိုးမျိုးဖြင့်ပံ့ပိုးဆောင်ရွက်ပါမည်။
- သည်းခံခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း နှင့် အခြားသူများကိုလေးစားမှု ၏ တန်ဖိုးများကို အလေးမထားသော အပြုအမူမှန်သမျှကို ပြန်လည်စိစ်ခေါ်ချေပ ပါမည်။
- ခင်းကျင်းပြသမှုများ၊ ကျောင်း assemblyများ၊ ရွယ်တူချင်းအကူအညီပေးမှုများ၊ အာရုံစိုက်ခြင်း ရက်သတ္တပတ်များနှင့် ကျောင်းသားကောင်စီ ကဲ့သို့သော ချဉ်းကပ်မှု အမျိုးမျိုးဖြင့် ပံ့ပိုးထားသည့် ကျောင်းသင်ရိုးတစ်လျှောက်လုံးတွင် အနိုင်ကျင့်ခံရမှုများကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းအားလုံးကို ထည့်သွင်းစဉ်းစားပါမည်။
- နည်းပညာ တိုးတက်လာမှုများကို ထည့်သွင်းစဉ်းစားနိုင်ရန် နှင့် အွန်လိုင်းပေါ်တွင် အပြုသဘော ဆောင်သော အပြုအမူများနှင့် ပတ်သက်၍ ကျောင်းအဖွဲ့အစည်းအားလုံးကို သစ်လွင်သော အကြံဉာဏ်များနှင့် ပညာပေးမှုများ ပေးနိုင်ရန် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုနည်းလမ်းများကို ပုံမှန် ပြုပြင် ဆန်းသစ်ပြီး အကဲဖြတ်ပါမည်။
- သင်ကြားရေးဝန်ထမ်းများနှင့် ပံ့ပိုးရေးဝန်ထမ်းများ အပါအဝင် ဝန်ထမ်းများအား အနိုင်ကျင့်မှု ပုံစံအားလုံးကို ဖော်ထုတ်ပြီး ကျောင်းလုပ်ထုံးလုပ်နည်းများ (မှတ်တမ်းတင်ခြင်းနှင့် ဖြစ်ရပ်များ အစီရင်ခံခြင်းအပါအဝင်) ကို လိုက်နာရန် လေ့ကျင့်ပေးပါမည်။
- အနိုင်ကျင့်ခံရမှုဖြစ်စဉ်များနှင့် ပြဿနာများဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် သတင်း

အချက်အလက်များကို ကြိုတင်စုဆောင်းပြီး မှတ်တမ်းတင်ထားခြင်းဖြင့် အနိုင်ကျင့်မှုဖြစ်ပွားခြင်းမှ ထိရောက်စွာ ကာကွယ်ရန် ဗျူဟာများကို ဖော်ဆောင်ပါမည်။

- ထိခိုက်လွယ်သော ကလေးများနှင့် ငယ်ရွယ်သော ကျောင်းသားကျောင်းသူ များအတွက် "ဘေးကင်းသောနေရာများ" ကို တက်ကြွစွာ ဖန်တီးပါမည်။
- အနိုင်ကျင့်သူနှင့် အနိုင်ကျင့်ခံရသူများကြား ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပါမည်။

## ကျောင်းသားများ၏ ပူးပေါင်းပါဝင်မှု

MISY သည် -

- အနိုင်ကျင့်ခြင်း၏အတိုင်းအတာနှင့်သဘောသဘာဝ အကြောင်းအရာနှင့် ပတ်သတ်၍ ကျွန်ုပ်တို့၏ ကျောင်းသား ကျောင်းသူများ၏ အမြင်များကို ပုံမှန် မေးမြန်းဆွေးနွေးပါမည်။
- ကျောင်းသားအားလုံး အနိုင်ကျင့်ခံရမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုနှင့် စိတ်လှုပ်ရှားမှု များကို မည်သို့ဖော်ပြရမည်ကို သိရှိအောင် စီစဉ်ဆောင်ရွက်ပါမည်။
- ကျောင်းရှိ အနိုင်ကျင့်မှုတိုက်ဖျက်ရေးကမ်းပိန်းများတွင် ကျောင်းသား ကျောင်းသူများကို ပါဝင်စေပြီး ပိုမိုကျယ်ပြန့်သော ကျောင်းသင်ရိုးညွှန်းတမ်းတွင်လည်း သတင်းစကားများကို ထည့်သွင်း ပေးပါမည်။
- အနိုင်ကျင့်ခံရသော ကျောင်းသားများနှင့် အနိုင်ကျင့်သောကျောင်းသားများအား ၎င်းတို့ ၏ ပြဿနာများကို ဖြေရှင်းနိုင်ရန် ထောက်ပံ့ကူညီပေးပါမည်။

## မိဘများ၊ပြုစုစောင့်ရှောက်သူများနှင့် ဆက်သွယ်ခြင်း

MISY သည် -

- အနိုင်ကျင့်ခြင်း နှင့် ပတ်သတ်သည့် အဓိကအချက်အလက်များကို မိဘများ/အုပ်ထိန်းသူများ အတွက် ပုံစံအမျိုးမျိုးဖြင့် ရရှိစေရန် ဆောင်ရွက်ပါမည်။
- မိဘများ/အုပ်ထိန်းသူများ အားလုံးသည် အနိုင်ကျင့်ခံရခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိပါက မည်သူ့ကိုဆက်သွယ်ရမည်ကို သိရှိစေရန် နှင့် အနိုင်ကျင့်ခံရခြင်းနှင့် ပတ်သက်၍ မည်သည့်ဖြစ်ရပ်ကိုမဆို ဖြေရှင်းရာတွင် ၎င်းတို့၏ အခန်းကဏ္ဍနှင့် ကျောင်း၏ အခန်းကဏ္ဍ ကို ရှင်းလင်းစွာ သိရှိစေရန်ဆောင်ရွက်ပါမည်။
- မိဘများအနေနှင့် ကျောင်းနှင့် ပူးပေါင်း၍ ကျောင်းတွင်း ကျောင်းပြင် နှင့် အွန်လိုင်း တို့တွင် ကျောင်းသား ကျောင်းသူများအတွက် အပြုသဘောဆောင်သော စံနမူနာပြ အပြုအမူများကို ပြသရန် နှင့် အနိုင်ကျင့်မှုဖြစ်ရပ်များတွင် ပါဝင်ပတ်သက်နေသော ကျောင်းသား ကျောင်းသူများအား အရေးယူပိတ်ပင်မှုများ တွင် ပူးပေါင်းကူညီဆောင်ရွက်ရန် သေချာစေပါမည်။

## ဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း

ဝန်ထမ်းအားလုံးသည် ဤအချက်(၅)ချက်ကို လိုက်နာဆောင်ရွက်ရမည်-

- သံသယဖြစ်ဖွယ် အနိုင်ကျင့်မှုများကို ဘယ်တော့မှ လျစ်လျူ မရှုရန်။
- အချိန်မတန်မီ စောစီးစွာ မှန်းဆချက်၊ကောက်ချက်များမချရန်။
- အထောက်အထားအားလုံးကို ဂရုတစိုက်နားထောင် သုံးသပ်ပါ - ကျောင်းသား ကျောင်းသူ အများအပြား မှ တူညီသော အရာကို ပြောဆိုဖြေကြားတိုင်း အမှန်ကိုပြောနေခြင်းဟု ဆိုလို၍ မရပါ။
- ကျောင်းသား ကျောင်းသူများအား မိမိကိုယ်ကျိုးမျှတမှုအတွက်သာကြည့်၍ ဆင်ခြေပေးခြင်းမှ ရပ်တန့်စေပြီး ပြဿနာ ဖြေရှင်းမှုကိုအခြေခံသော နည်းလမ်းကို ကျင့်သုံးရန်။
- အနိုင်ကျင့်သည်ဟု သံသယရှိသည့် ဖြစ်ရပ်အားလုံးကို ဌာနမှူးထံ ချက်ချင်းတင်ပြရန်။

ဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အောက်ပါအဆင့်များကို လုပ်ဆောင်သင့်သည်-

- အနိုင်ကျင့်ခံရသည်ဟု သံသယရှိလျှင် သို့မဟုတ် သတင်းပို့ပါက၊ ဖြစ်ရပ်ဖြစ်ပွားမှု နှင့် ပတ်သက်ပြီး ရှင်းလင်းတိကျသော မှတ်တမ်းကို ချဉ်းကပ်ခံရသူဝန်ထမ်းမှ မှတ်တမ်း တင်မည်ဖြစ်ပါသည်။ ထိုမှတ်တမ်းကို တတ်နိုင်သမျှ ဌာနမှူးထံ ပေးအပ်သွားပါမည်။
- ဌာနမှူးသည် စုံစမ်းစစ်ဆေးခြင်းကို အမြန်ဆုံးဖြစ်မြောက်စေရန် သေချာအောင် ဆောင်ရွက်ပါမည်။
- ဆရာ/ဆရာမများကို အလျဉ်းသင့်သလို အကြောင်းကြားပါမည်။
- မိဘ/အုပ်ထိန်းသူများအား အလျဉ်းသင့်သလို အကြောင်းကြားပါမည်။
- အကယ်၍ အနိုင်ကျင့်မှု ဖြစ်ရပ်သည် ကျောင်း ပြင်ပတွင် ဖြစ်ပွားပါက သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူ (များ)အား အကြံဉာဏ်များ နှင့် ပံ့ပိုးမှုများ ပေးမည်ဖြစ်ပါသည်။
- ရေးယူပိတ်ပင်မှုများကို ကျောင်း၏အမူအကျင့်ဆိုင်ရာ မူဝါဒနှင့် အညီ အလျဉ်းသင့်သလို အသုံးပြုမည်ဖြစ်သည်။

## စောင့်ကြည့်အကဲဖြတ်ခြင်း

အနိုင်ကျင့်မှုဖြစ်ရပ်များကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး၊ ဤမူဝါဒ၏ ထိရောက်မှုကို သုံးသပ်နိုင်ရန်နှင့် မကြာခဏ ဖြစ်ပွားလေ့ရှိသော အချိန်၊ နေရာ သို့မဟုတ် အနိုင်ကျင့်မှုဖြစ်နိုင်ခြေအခွင့်အရေးများသော “နေရာများ” ကို ဖော်ထုတ်ရန် နှင့် ပြုပြင်ရန် သို့မဟုတ် ဖယ်ရှားရန် အကြီးတန်း ခေါင်းဆောင်မှု အဖွဲ့မှ စိစစ်သုံးသပ်သွားမည်ဖြစ်သည်။

အတည်ပြုထားသော အနိုင်ကျင့်မှုဖြစ်ရပ်များအားလုံးကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး၊ ဌာနမှူးများသည် ထိုမှတ်တမ်းများကို လျှို့ဝှက်ပြီး ဘေးကင်းသောနည်းဖြင့်

ထိန်းသိမ်းထားမည်ဖြစ်သည်။

## ဆက်စပ်မူဝါဒများနှင့် စာရွက်စာတမ်းများ

သင်ယူခြင်းဆိုင်ရာ အမူအကျင့် မူဝါဒ
ကျောင်းသား၊ မိဘလက်စွဲစာအုပ်
ဝန်ထမ်းလက်စွဲစာအုပ်